# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၄)

## လူထု၏ လွတ်လပ်စွာ စုဝေးခွင့် အခြေခံမှ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်းယှဉ်လေ့လာခြင်း

မြန်မာနိုင်ငံမှာ ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲမှာ ငြိမ်းချမ်းစွာပါဝင်ခဲ့တဲ့ သံဃာတော်တွေကို ဖမ်းဆီး၊ နှိပ်စက်ရုံသာ မကပြစ်မှုကြီးတွေ အမျိုးမျိုးတပ်ပြီး ရုံးတင်စစ်ဆေး၊ ထောင်ဒဏ် ပြစ်ဒဏ်ကြီးတွေပါ ချမှတ်နေပြီဆိုတဲ့ သတင်းတွေ ရရှိတဲ့အခါမှာ စိတ်နှလုံးကြေကွဲစွာခံစားမိကြရပါတယ်။ စက်တင်ဘာလ (၄) ရက်နေ့မှာတင် မင်္ဂလာတောင်ညွန့် မြို့နယ် တရားရုံးက ဘုန်းတော်ကြီး ဦးပဏ္ဏဝံသကို ထောင် တဆယ်နှစ်၊ ဦးသုတဉာဏကို ထောင် ငါးနှစ် ပြစ်ဒဏ် အသီးသီး ချမှတ် စီရင်လိုက်ပါတယ်။ အဓိကနေရာကနေ ဦးဆောင်ခဲ့တဲ့ ဆရာတော် ဦးဂမ္ဘီရအပါအဝင် ဘုန်းတော်ကြီး အတော် များများကိုလည်း ဆက်လက်ဖမ်းဆီး အရေးယူထားဆဲ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ သောင်းနဲ့ချီတဲ့လူထုက ထိုင်းအစိုးရနုတ်ထွက်သွားဘို့ အဆက်မပြတ်တောင်းဆိုဆန္ဒပြခဲ့ကြ တယ်။ အခုထက်ထိလည်း ပြနေတုံးဘဲ။ စတင် ဆန္ဒပြလို့ ရက်ပေါင်းကိုးဆယ်ကျော်အကြာ ဩဂုတ်လ ၂၆ ရက်နေ့မှာ ထိုင်းအစိုးရ ဌာနချုပ်ရုံးကိုသိမ်းပြီး ဆက်လက်ဆန္ဒပြကြပြန်ပါတယ်။ အဲဒီ နေ့ရက်မတိုင်ခင်အထိ ထိုင်းအစိုးရက ဆန္ဒ ပြလူထုထဲက တဦးတလေကိုမှ ဖမ်းဆီး၊ အရေးယူ၊ အပြစ်ပေးခဲ့တာ မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းပြဌာန်းထားသလို ဥပဒေစိုးမိုးရေးကို အကောင် အထည်ဖေါ်ရတဲ့ ရဲ၊ စစ်တပ်စတဲ့ အဖွဲ့အစည်းတွေကလည်း လူထုစုဝေးမှုတွေကို အကြမ်းဘက်ဖြိုခွဲတာတွေ တတ် နိုင်သမျှမကျူးလွန်အောင်၊ ဖိနှိပ်ဖမ်းဆီးတာတွေ မလုပ်အောင် ထိမ်းသိမ်းကြလို့ ပါဘဲ။

ဩဂုတ်လ (၃၁) ရက်နေ့မှာ ထိုင်းအစိုးရက ဘန်ကောက်မြို့တော် ရဲမှူးကြီးတာဝန်ယူတဲ့ ဒုတိယ ဗိုလ်ချုပ် ကြီး အက်စဝမ် ကွမ်မူဝမ်ကို အရေးမပါလှတဲ့ ရာထူးနေရာတခုကို ချက်ခြင်းရွှေ့ပြောင်းလိုက်တဲ့အကြောင်းက လူထု ဆန္ဒပြပွဲတွေကို ထိထိရောက်ရောက် မဖြိုခွဲတဲ့အတွက် ဝန်ကြီးချုပ်ဆမတ်က မကြိုက်တာကြောင့်လို့ နေးရှင်းသတင်း စါက ရေးပါတယ်။

စက်တင်ဘာလ (၂) ရက်နေ့မှာ အစိုးရကိုလိုလားတဲ့ လူအုပ်တွေက အစိုးရရုံးချုပ်ဝင်း ကို သိမ်းပြီးဆန္ဒပြနေ ကြတဲ့လူထုတွေရှိရာကို လာရောက်ပြီး အကြမ်းဘက်ရိုက်နှက်ကြတဲ့အခါမှာ လူတဦးသေ အများအပြားဒဏ်ရာ ရ ကြတယ်။ အဲဒီ ရုန်းရင်း ဆန်ခတ်ရိုက်ပွဲကို အကြောင်းပြပြီး အစိုးရက အရေးပေါ်အခြေအနေ ကြေငြာ၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အနူပွန်ကို တိုက်ရိုက်ကွပ်ကဲဘို့ တာဝန်ပေးပါတယ်။

အရေးပေါ်အခြေအနေ ကြေငြာပေမယ့် ဆန္ဒပြနေတဲ့လူထုတွေကို ဖြိုခွဲသွားမှာ မဟုတ်ဘူး၊ လူထုတွေ အခြင်းခြင်းအကြားမှာ အကြမ်းဘက်မှုတွေ ဆက်လက်မကျူးလွန်အောင်သာ ထိမ်းသိမ်းသွားမယ်လို့ ဗိုလ်ချုပ်ကြီး အနုပွန်က ပြောတယ်။ ဒီလို ပြောတာဟာ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီတယ်လို့သုံးသပ်တဲ့ ပညာရှင်တွေ ရှိသလိုငြိမ်းချမ်းစွာစုဝေးခွင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းထားတဲ့ လူထုရဲ့အခွင့်အရေးဖြစ်တယ်လို့ လူထုဒီမို ကရေစီ တပ်ပေါင်းစုက အကြိမ်ပေါင်းများစွာ တင်ပြခဲ့၊ တင်ပြဆဲဖြစ်တယ်။ အရေးပေါ် အခြေအနေအောက်မှာတင်ဘဲ စုဝေးခွင့်ကိုကျင့်သုံးပြီး ဆန္ဒပြပွဲတွေဆက်လက်ဖေါ်ဆောင်ခွင့်ရနေတာဟာ ထိုင်းနိုင်ငံရဲ့ ထူးခြားမှုလို့ ပြောနိုင်တယ်။

လွတ်လပ်စွာစုဝေးခွင့်နဲ့ ပတ်သက်လို့ ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆၃) မှာ အောက်ပါအတိုင်း ပြဌာန်းထားတယ်။

(က) လူတိုင်းတွင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်။

(ခ) တိုင်းပြည်သည် စစ်ပွဲဖြစ်ပွားနေလျှင်သော်လည်းကောင်း၊ အရေးပေါ်အခြေအနေ (သို့မဟုတ်) မာရှယ် လောခေါ် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ထားသော ကာလအတွင်း ကျရောက်နေလျှင်သော်လည်း ကောင်း၊ လူထု အစီအစဉ်တကျဖြစ်မှုကို ထိမ်းသိမ်းရန်အတွက်ဖြစ်စေ၊ အများပြည်သူနှင့် ဆိုင်သော နေရာများကို အသုံးပြုရာ၌ လူထု၏ သက်တောင့်သက်သာဖြစ်မှုကို မထိပါးစေရန်အတွက်ဖြစ်စေ၊ လူထုစုဝေးမှုကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေအရ ပြဌာန်း သတ်မှတ်ထားချက်များမှ တပါး အထက်ပါ လွတ်လပ်ခွင့်ကို ကန့်သတ်ခြင်းမပြုရ။

လူတိုင်းတွင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည် ဆိုတဲ့ အချက်က ဖွဲ့စည်းပုံအခြေခံဥပဒေ အရ လူထုကို အပ်နှင်းထားတဲ့အခွင့်အရေးကို ရိုးရိုးရှင်းရှင်းရေးထားတာပါဘဲ။ ဆက်လက်ပြဌာန်းထားတဲ့ စါကြောင်းတွေ အားလုံးကတော့ အဲဒီ အခွင့်အရေးကို ဘယ်အခြေအနေမှာ ဘယ်လိုကန့်သတ် ကျင့်သုံးနိုင်တယ်ဆိုတာဖြစ်တယ်။ တိုင်းပြည်မှာ စစ်ပွဲဖြစ်ခြင်ဖြစ်နေမယ်၊ အရေးပေါ်အခြေအနေ ဒါမှမဟုတ် စစ်အုပ်ချုပ်ရေး ထုတ်ပြန်ထားတာ ဖြစ်ခြင် ဖြစ်နေ မယ်၊ ဒါက အခြေအနေနောက်ခံကို ဖေါ်ပြထားတာပါ။ ဒီလို အခြေအနေမျိုးအောက်မှာ ကန့်သတ်နိုင်တယ်။ ဒါပေမယ့် စစ်ပွဲဖြစ်တိုင်း၊ အရေးပေါ်အခြေအနေ ဒါမှမဟုတ် စစ်အုပ်ချုပ်ရေး ထုတ်ပြန်ထားတိုင်း ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ကန့်သတ်လို့မရပါဘူး။

ဖွဲ့စည်းပုံအခြေခံဥပဒေက ဆက်ပြီးဖေါ်ပြပြန်ပါတယ်။ လူထု အစီအစဉ်တကျဖြစ်မှုကို ထိမ်းသိမ်းဘို့အတွက် ကန့်သတ်နိုင်တယ်။ အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေကို အသုံးပြုရာတဲ့အခါမှာ လူထုရဲ့ သက်တောင့်သက်သာဖြစ်မှုကို မထိပါးဘို့အတွက် ကန့်သတ်နိုင်တယ်။ အဲဒါတွေကို ဥပဒေထဲမှာ ထည့်သွင်းပြဌာန်းပြီးမှ ကန့်သတ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက သည်လို အတိအလင်းပြဌာန်းထားတာ ဖြစ်ပါတယ်။

ထိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ပတ်သက်လို့ ပြဌာန်းထားတဲ့အနှစ်ချုပ်ကို အောက်ပါအတိုင်း သုံးသပ်တင်ပြလိုပါတယ်။

(၁) အခွင့်အရေးကို အပြည့်အဝပေးထားတယ်။

(၂) စစ်ဖြစ်၊ အရေးပေါ်နဲ့ စစ်အုပ်ရေး ချမှတ်ကျင့်သုံးစသဖြင့် အခြေအနေတခုပြောင်းသွားမှ ကန့်သတ်နိုင်တယ်။ သာမန် အခြေအနေအောက်မှာ ကန့်သတ်ကျင့် သုံးနိုင်ခွင့် မရှိဘူး။

(၃) အခြေအနေပြောင်းသွားတာတောင်မှ ကန့်သတ်ခြင်တိုင်း ကန့်သတ်လို့မရသေးဘူး။ လူထုအကျိုးစီးပွားကို မထိပါးရေး အခြေခံကနေပြီးတော့သာ ကန့်သတ်နိုင်တယ်။

ဒါကြောင့် ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆၃) ဟာ လူကိုတန်ဘိုးထားတဲ့ ပြဌာန်းချက်ဖြစ်တယ်လို့ သုံးသပ်နိုင်တယ်။ အဲဒီ ပြဌာန်းချက်အနှစ်သာရကို အခုအချိန်မှာ ထိုင်းလူထုတွေ ခံစားနေရပါပြီ။ ဆန္ဒပြလူထုတွေ ရှေ့ဆက်ပြီး ဘာတွေဆက်ဖြစ်မယ်ဆိုတာတော့ ပြောလို့မရပါဘူး။ အစိုးရရုံးချုပ်ကို ဝင်သိမ်းတာဟာ ပြစ်မှုဆိုင်ရာ ဥပဒေကိုချိုးဖေါက်တာဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အကြမ်းဖက်ဖြိုခွဲတာတွေတော့ ရှိလာနိုင်ပါတယ်။ ဒါပေမယ့် စက်တဘ်ာလ (၇) အထိ ရက်ပေါင်း ၁၀၇ ရက် ကြာလာတဲ့တိုင်အောင်၊ လူသောင်းနဲ့ချီပြီး နေ့စဉ်ရက်ဆက် နေ့ရော ညပါ ဆန္ဒပြခဲ့ပေမယ့် လူတဦးသာသေပြီး အချို့လောက်ဘဲ ထိခိုက်ဒဏ်ရာရတာကတော့ ကမ္ဘာ့သမိုင်းမှာတောင် စံထားလောက်တယ်လို့ ပြောရပါလိမ့်မယ်။ သည်အတွက် ထိုင်းအစိုးရကိုချီးကျူးကြတဲ့ ဆရာတော် သံဃာတော်တွေလည်းရှိတယ်လို့ ဝန်ကြီးချုပ်ဆမတ်က ပြောပါတယ်။ အခုအချိန်အထိ အကြမ်းဘက်မှု အနည်းဆုံးနဲ့ ငြိမ်းချမ်းစွာဆန္ဒပြခွင့်ရနေကြတာဟာ အကြောင်းပေါင်းများစွာတော့ ရှိနိုင်ပါတယ်။ သို့ပေမယ့် ထိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ကာကွယ်ပြဌာန်းထားချက်ဟာ ပင်မကြောရိုးဖြစ်တယ်ဆိုတာကိုတော့ မငြင်းနိုင်ကြပါဘူး။

လွတ်လပ်စွာစုဝေးခွင့်နဲ့ ပတ်သက်လို့ ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်ကို နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နှိုင်းယှဉ်ကြည့်ကြရအောင်ပါ။ ပုဒ်မ (၃၅၄) မှာ ပြဌာန်းထားတာတော့

> **နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် အများပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့် စီတန်းလှည့်လည်ခွင့် ရှိသည်။**

မြန်မာစကားမှာ ပေးကားပေး၏ မရ ဆိုတာ ရှိပါတယ်။ အဲဒီ စကားလုံးဟာ အင်မတန် အဓိပ္ပါယ်ပြည့်ဝလှပါတယ်။ နိုင်ငံသားတိုင်း လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည် ဆိုတာကိုတော့ ပြဌာန်းပေးထားပါရဲ့။ အဲဒါကို ပညာသားပါပါ ပြန်လည်ရုပ်သိမ်းထားတာကတော့ နိုင်ငံတော်လုံခြုံရေးအလို့ငှာ ပြဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ဆိုတဲ့ ကန့်သတ်ချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တည်ရှိဆဲဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေး ဥပဒေတွေဟာ လူထုရဲ့အခြေခံလွတ်လပ်ခွင့်တွေကို အပြီးအပိုင် ရုပ်သိမ်းထားပြီး ဖြစ်နေတဲ့အတွက် ပေးကားပေး၏ မရလို့ ဆိုလိုတာပါ။ ပထမဆုံးအနေနဲ့ ထောက်ပြလိုတဲ့ နိုင်ငံတော်လုံခြုံရေး ဥပဒေကတော့ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်မှကာကွယ်သည့် ဥပဒေ ဖြစ်ပါတယ်။ အဲဒီ ဥပဒေ အခန်း (၃) **နိုင်ငံ**

**သားတဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း** ဆိုတဲ့ အခန်းရဲ့ ပုဒ်မ (၇) မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။

> နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏အချုပ်အချာအာဏာနှင့် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ်ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

အဲသည် ပြဋ္ဌာန်းချက်မှာ ပထမအရေးအကြီးဆုံးအချက်ကတော့ နိုင်ငံသားတဦးဟာ နိုင်ငံတော်အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကိုထိပါးစေမယ့် ပြုလုပ်မှု လုပ်မလုပ်ဆိုတာကို ဘယ်သူကဆုံးဖြတ်မလဲ၊ အများပြည်သူတို့ရဲ့ အေးချမ်းသာယာရေးကိုထိပါးစေမယ့် ပြုလုပ်မှုလုပ်မလုပ်ဆိုတာကို ဘယ်သူက ဆုံးဖြတ်မလဲ၊ ဆိုတာ ဖြစ်ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်အရရော လက်တွေ့အရပါ ဆုံးဖြတ်သူက တရားရုံးမဟုတ်ပါဘူး။ အုပ်ချုပ်ရေးအာဏာပိုင်တွေ ဖြစ်ပါတယ်။ သည်ဥပဒေကိုအသုံးပြုပြီး သူတို့ဆုံးဖြတ်ချက်သက်သက်နဲ့ဘဲ နိုင်ငံသားတွေကို စိတ်ထင်တိုင်းဖမ်းဆီးချုပ်နှောင်ခဲ့တာ နှစ်ပေါင်း (၃၃) နှစ် ရှိလာခဲ့ပါပြီ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား ရာပေါင်းများစွာကို သည်ဥပဒေနဲ့ ဖမ်းဆီးချုပ်နှောင်ထားဆဲဖြစ်ပါတယ်။ သည်ဥပဒေနဲ့ နှစ်ပေါင်းများစွာ ဖမ်းဆီးချုပ်နှောင် နှိပ်စက်ညှင်းပမ်းခံရတဲ့အတွက် ထောင်ထဲမှာတင် ကွယ်လွန်သွားသူတွေ၊ ဘဝပျက်စီးနစ်နာသွားသူတွေ၊ ကျန်းမာရေးထိခိုက်ပြီး ကိုယ်၊ စိတ် ချို့တဲ့ သွားသူတွေ အများအပြားပါဘဲ။ လွတ်လပ်စွာ စည်းရုံးခွင့်၊ စုဝေးခွင့်တွေအပေါ်မှာ အခြေခံတဲ့ လူထုလှုပ်ရှားမှုတွေလုပ်ဘို့ ကြိုးစားသူတွေကို သည်ဥပဒေနဲ့ ဖမ်းဆီးချုပ်နှောင်ခဲ့တာ အမြောက်အများဖြစ်ပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ထိုင်းနိုင်ငံမှာလို လူထုတွေလွတ်လပ်စွာစည်းရုံးခွင့်၊ စုဝေးခွင့်ရှိအောင် အာမခံချက်ပေးထားတာ လုံးဝမရှိဘူး။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုကိုးကားပြီး တည်ဆဲ ၁၉၇၅ ခုနှစ် နိုင်ငံတော်လုံခြုံရေးဥပဒေကို ဖျက်သိမ်းလို့မရနိုင်ဘူး။ ဒါနဲ့ ပြောင်းပြန်ပါဘဲ။ နိုင်ငံတော် လုံခြုံရေးကိုအကြောင်းပြပြီး လူထုတွေရဲ့စည်းရုံးခွင့် စုဝေးခွင့်တွေကို ပိုမိုဖိနှိပ်မယ့် ဖေါက်ပြန်တဲ့ဥပဒေတွေ ဆက်လက်ပေါ်လာဘို့သာရှိပါတယ်။ လူထုအတွက် ဘာတခုမှ အကျိုးမရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တာကြောင့် လူ့ကမ္ဘာလောကကြီးကနေ အပြီးအပိုင် ပျောက်ကွယ်သွားအောင် လုပ်ဆောင်ရုံကလွဲလို့ အခြားမရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။